Message Twelve

## ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်သော ဗိမာန်တော်နှင့် ၎င်း၏ရလဒ်အဖြစ် ဘုရားသခင်၏နိုင်ငံတော်ဖြစ်သော မြို့တော်နှင့်အတူ ခရစ်တော်ကို ကောင်းသောမြေအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းအသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၂ကော၊၁၃း၁၄။ ၁း၁၂။ ၄း၁၅။ ၆း၁။ ၈း၁၊ ၉။ ၉း၈၊ ၁၄။ ၁၂း၉

**I. ကောရိန္သုပထမစာစောင်သည် ဓမ္မဟောင်းရှိ အစ္စရေးအမျိုးသားတို့၏ သမိုင်းကြောင်းကို ဓမ္မသစ်ယုံကြည်သူများ၏ ပုံဆောင်ချက်အဖြစ် ယူဆောင်ထားသည် (၅း၇-၈။ ၁၀း၁-၁၃)၊ သို့သော် ကောရိန္သုပထမစာစောင်၌ ကောင်းသောမြေကို ညွှန်းထားသည့် မည်သည့်ကျမ်းညွှန်းမျှမရှိပါ၊ အကြောင်းမှာ ဝိညာဉ်ဆိုင်ရာအရပြောရလျှင် ကောင်းသောမြေ၏ စစ်မှန်ခြင်းသည် ကောရိန္သုဒုတိယစာစောင်တွင် ရှိသောကြောင့် ဖြစ်သည်။**

A. ကောရိန္သုဒုတိယစာစောင်၌ရှိသော ကောင်းသောမြေ၏ စစ်မှန်ခြင်းမှာ ဘုရားဆိုင်ရာ ကျေးဇူးတော်အဖြစ် ခရစ်တော်ကိုယ်တော်တိုင်ပင် ဖြစ်သည်။ သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် ကောရိန္သုဒုတိယစာစောင်၏ အလယ်ဗဟို စဉ်းစားချက်နှင့် ပါဝင်သောအကြောင်းအရာ ဖြစ်သည် - ၁၃း၁၄။ ၁း၁၂။ ၄း၁၅။ ၆း၁။ ၈း၁၊ ၉၊ ၉း၈၊ ၁၄။ ၁၂း၉။

B. ကောရိန္သုပထမစာစောင် ၁၅း၁၀ ရှိ *ငါမဟုတ်… ဘုရားသခင်၏ကျေးဇူးတော်* ဟူသည်မှာ ဂလာတိ ၂း၂၀ ရှိ *ငါသည် ကိုယ် တိုင်မရှင် … ခရစ်တော်သာ* နှင့် ညီမျှသည်။ တမန်တော်ကို လှုံ့ဆော်ပေးသော၊ သူ၌ ပြုပြင်လုပ်ဆောင်နေသော ကျေးဇူးတော်သည် အကြောင်းကိစ္စတစ်ခုခု သို့မဟုတ် အရာတစ်ခုခု မဟုတ်ဘဲ၊ အသက်ရှင်သောပုဂ္ဂိုလ် (ယော၊၁း၁၆-၁၇) တည်းဟူသော ခမည်းတော်ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည့် ရှင်ပြန်ထမြောက်သော ခရစ်တော် (ကော၊၂း၉။ ယော၊၁၄း၇-၁၁)၊ အရာအားလုံးပါဝင်သော အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့သောအရှင် (၁ကော၊၁၅း၄၅ခ။ ၂ကော၊၃း၁၇)၊ တမန်တော်အား ခွန်အားတန်ခိုးပေးသည့် မွေ့လျော်ဝမ်းမြောက်မှုအတွက် သူ၌ ကိန်းဝပ်နေသောအရှင် (၂တိ၊၄း၂၂။ ၂း၁) ဖြစ်သည်။

C. ကျေးဇူးတော်သည် ခရစ်တော်၌ ဝိညာဉ်တော်အဖြစ် ဘုရားသခင်သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့ထံ ပေးထားခြင်းဖြစ်ပြီး၊ မည်သည့်ဒုက္ခမျိုးကိုမဆို ရင်ဆိုင်ရန်၊ အခြေအနေ အားလုံးအောက်မှာ လိုက်လျောညီထွေရှိရန်၊ မည်သို့သော ပြုမူခံရခြင်းကိုမဆို သည်းခံနိုင်ရန်၊ မည်သည့်ပတ်ဝန်းကျင်မျိုးကိုမဆို လက်ခံတတ်ရန်၊ မည်သည့်အခြေအနေမျိုး အောက်မှာမဆို လုပ်ဆောင်ရန်နှင့် မည်သည့်အခွင့်အရေးကိုမဆို ရယူတတ်ရန် ကျွန်ုပ်တို့ကို စွမ်းအားပေးခြင်း၊ ကျွန်ုပ်တို့ ကို တတ်စွမ်းစေခြင်း၊ ကျွန်ုပ်တို့ကို မစပေးခြင်းနှင့် ကျွန်ုပ်တို့ကို ခွန်အားပေးခြင်း ပြုနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းငှာ အခြားသူများအထဲသို့ ဘုရားသခင်

၏အထူးထူးအပြားပြားသော ကျေးဇူးတော်ကို ဝေငှဖြန့်ဖြူးမည့် ကောင်းသောဘဏ္ဍာစိုးများ ဖြစ်နိုင်ပေမည် - ၁ကော၊ ၁၅း၁၀။ ၂ကော၊ ၁း၃-၁၂။ ၁၂း၇-၉။ ၁ပေ၊၄း၁၀။ ၈၊ ၃း၂။

**II. ကျွန်ုပ်တို့သည် ကောင်းသောမြေအားဖြင့် ပုံဆောင်ထားသည့် အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် တတ်စွမ်းစေမည့် ဘုရားသခင့်အမြင်၌ အသက်တာကို မည်သို့အသက်ရှင်ရမည်ကို မြင်ရန် လိုအပ်သည် - ကော၊၁း၁၂။ ၂း၆-၇က။**

A. ကျွန်ုပ်တို့သည် ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်သည့်အသက်တာ၊ ခရစ်တော်ကို တစ်ဦးချင်း မွေ့လျော်ဝမ်းမြောက်သည့် အသက်တာကို အသက်ရှင်ရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် အသက်ရှင်သော ဘုရားသခင်၏ဗိမာန်တော်၊ အိမ်တော်အဖြစ် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် စုပေါင်းခြင်းဆိုင်ရာဖြင့် ကိုယ်တော်ကို အတူတကွ မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည် - ၁ကော၊၃း၁၇။ ၁တိ၊၃း၁၅။

B. ဘုရားသခင်၏အလိုတော်မှာ ကျွန်ုပ်တို့က ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းရှိရန် ဖြစ်သည် (ဟေဗြဲ၊၁၀း၅-၁၀။ ၁ကော၊၁း၉)။ ကျွန်ုပ်တို့သည် အခြေအနေတိုင်း၌ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်နှင့် ကိုယ်တော်ကို တွေ့ကြုံခံစားရန် ရှာဖွေဖို့ လိုအပ်သည် (ဖိ၊၄း၇-၁၄)။

C. ခရစ်တော်သည် အတိုင်းအတာထက်ကျော်လွန်အောင်ကြွယ်ဝလှသည်၊ သို့သော် ယနေ့ အသင်းတော်သည် ဆင်းရဲခြင်း၌ဝပ်တွားနေရသည်၊ အကြောင်းမှာ သခင်ဘုရား၏ သားသမီးများသည် ပျင်းရိနေကြခြင်းကြောင့် ဖြစ်သည် - သု၊၆း၆-၁၁။ ၂၄း၃၀-၃၄။ ၂၆း၁၄။ မ၊၂၅း၂၆၊ ၃၀။

D. ကျွန်ုပ်တို့သည် သခင်ဘုရားကို ကိုးကွယ်ရန် အစည်းအဝေးများသို့ လာကြသောအခါ၊ ကျွန်ုပ်တို့ လက်ချည်းဗလာဖြင့် မလာသင့်ပေ။ ကျွန်ုပ်တို့၏လက်များသည် ခရစ်တော်၏ ထုတ်ကုန်အပြည့် ဖြစ်ရမည် - တရား၊၁၆း၁၅-၁၆။

1. ကျွန်ုပ်တို့သည် ကိုယ်တော်ကို လုံလောက်စွာ ထုတ်လုပ်ရမည်၊ သို့မှသာ ဆင်းရဲသားများနှင့် ချို့တဲ့နေသူများအတွက်၊ ယဇ်ပုရောဟိတ်များနှင့် လေဝိလူများအတွက်၊ အကောင်းဆုံးအနေဖြင့် သခင်ဘုရား ကိုယ်တော်တိုင်အတွက် ပိုလျှံမှုများ ကျန်ရှိနိုင်မည်ဖြစ်သည် - ၁၅း၁၁။ ၁၈း၃-၄။ ၁၂း၁၁။

2. ခရစ်တော်ဖြင့် ဘုရားသခင်ကို ကိုးကွယ်ခြင်းမှာ ဘုရားသခင်၏ သားများအားလုံးနှင့်အတူ အချင်းချင်းနှင့်လည်းကောင်း ဘုရားသခင်နှင့်လည်းကောင်း ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် စုပေါင်းခြင်းဆိုင်ရာ ကိုယ်တော်ကို ကိုးကွယ်ခြင်း ဖြစ်သည် - ၁ကော၊ ၁၄း၂၆။

E. ကျွန်ုပ်တို့သည် အောင်မြင်သောသူများ ဖြစ်လိုလျှင်၊ ကျွန်ုပ်တို့၏ကောင်းသောမြေအဖြစ် ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်ရန်၊ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအဖြစ် ခရစ်တော်ကို အမြတ်ရရန် လိုအပ်သည်။

## ခရစ်တော်ကို ကောင်းသောမြေအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းအသက်တာကို အသက်ရှင်ခြင်း

1. နံနက်တိုင်းတွင် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို သခင်ဘုရားထံသို့ ရိုးစင်းစွာဖြင့် ဆက်ကပ်အပ်နှံရမည်၊ ယင်းမှာ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် တွေ့ကြုံခံစားခြင်းရည်ရွယ်ချက်အတွက်သာ ဖြစ်ပေသည် - ညွှန်း၊ ဖိ၊၃း၁၃-၁၄။
2. နေ့စဉ်တိုင်း ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ရင်းနှီးကျွမ်းဝင်သော မိတ်သဟာယရှိရန် သီးသန့်နှင့် လျှို့ဝှက်စွာဖြင့် သခင်ဘုရားနှင့်အတူ အချိန်ယူရန် လိုအပ်သည် - မ၊၁၄း၂၂-၂၃။ ဗေး၆။ ထွ၊၃၃း၁၁က။
3. ကျွန်ုပ်တို့သည် နေ့စဉ်တိုင်း နံနက်စောစောတွင် နေ့ရက်တိုင်း၏ အသစ်သောအစပြုခြင်းရှိရန် နှုတ်ကပတ်တော်၌ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ဆာ၊ ၁၁၉း၁၄၇-၁၄၈။
4. ကျွန်ုပ်တို့သည် အပြစ်များကို အကုန်အစင် ဆက်ဆံဖြေရှင်းရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြား ဘာအတားအဆီးမျှ မရှိနိုင်မည်ဖြစ်သည် - ၁ယော၊၁း၇၊ ၉။ ညွှန်း၊ ယေ၈၊၁း၂၂၊ ၂၆။
5. ကျွန်ုပ်တို့သည် တစ်ချိန်ပြီးတစ်ချိန် သခင်ဘုရားနှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၊ ဆုတောင်းခြင်းအသက်တာကို အသက်ရှင်ခြင်းအား စောင့်ထိန်းထားရန် လိုအပ်သည် - ၂ကော၊ ၁၃း၁၄။ ဖိ၊၄း၆-၇။ မြည်၊၃း၅၅-၅၆။ ညွှန်း၊ မ၊၁၁း၂၅-၂၆။
6. ကျွန်ုပ်တို့သည် အချိန်ကို ရွေးနုတ်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ပျော်ဝင်ပြည့်ဝခြင်းနှင့် စိမ့်ဝင်ခြင်းခံရရန် ကျွန်ုပ်တို့၏ စွမ်းအားကို အသုံးပြုရန် လိုအပ်သည် - ၂တိ၊၃း၁၆-၁၇။ ကော၊၃း၁၆။
7. ကျွန်ုပ်တို့သည် အစဉ်မပြတ် ဝမ်းမြောက်ရွှင်လန်းခြင်း၊ မခြားမလပ် ဆုတောင်းခြင်းနှင့် အရာခပ်သိမ်း၌ ကျေးဇူးတင်ခြင်းတို့အားဖြင့် ဝိညာဉ်၌ ပြည့်ဝရန် အချိန်ကို ရွေးနုတ်သင့်ပါသည် - ဧ၊၅း၁၈။ ၁သက်၊၅း၁၆-၁၉။။
8. ကောင်းသောမြေအဖြစ်ခရစ်တော်၏ကြွယ်ဝခြင်းများကို တွေ့ကြုံခံစားရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်အားဖြင့် ချုပ်ကိုင်ခြင်း၊ အုပ်စိုးခြင်း၊ လမ်းညွှန်ခြင်း၊ လှုပ်ရှားခြင်းနှင့် ဦးဆောင်ခြင်း ခံရမည်ဖြစ်သည် - ၂ကော၊၂း၁၃။
9. ကောင်းသောမြေအဖြစ်ခရစ်တော်၏ကြွယ်ဝခြင်းများကို တွေ့ကြုံခံစားရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်၏ပုဂ္ဂိုလ်၊ မျက်မှောက်တော်၊ မျက်နှာတော်၌ အသက်ရှင်ရမည် ဖြစ်သည် - အငယ်၊၁၀။ ၄း၆-၇။ ၃း၁၆-၁၈။ ၁၂း၂က။
   a. ခရစ်တော်ကို အရာအားလုံးပါဝင်သောမြေအဖြစ် ပိုင်ဆိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုဂ္ဂိုလ်၊ ကိုယ်တော်၏ မျက်မှောက်တော်အားဖြင့် အုပ်စိုးခံရမည်ဖြစ်သည် - ထွ၊၃၃း၁၄။

b. ပေါလုသည် ခရစ်တော်၏ ပုဂ္ဂိုလ်၌ အသက်ရှင်ခဲ့သောကြောင့် သူသည် ခရစ်တော်ကို မပြောင်းမလဲဖြစ်ခြင်းအဖြစ် (၂ကော၊၁း၁၇-၂၀)၊ နူးညံ့ခြင်းနှင့် သိမ်မွေ့ခြင်းအဖြစ် (၁၀း၁)၊ ဟုတ်မှန်ခြင်းအဖြစ် (၁၁း၁၀)၊ တန်ခိုးအဖြစ် (၁၂း၁၀။ ၁၃း၄)၊ ကျေးဇူးတော်အဖြစ် (အငယ်၊၁၄) နှင့် သူ၌ စကားပြောနေသောအရှင်အဖြစ် (အငယ်၊၃။ ဩွန်း၊၂း၁၇) တွေ့ကြုံခံစားခဲ့သည်။

10. ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ချိုးဖွဲ့ခြင်းနှင့် စေ့စပ်ထုံးဖွဲ့ခြင်းအလုပ်မှ တဆင့် ခရစ်တော်ကို ကောင်းသောမြေ၏ စစ်မှန်ခြင်းတည်းဟူသော ကျေးဇူးတော်အဖြစ် လက်ခံရရှိကြကာ၊ ထိုသို့အားဖြင့် ကျွန်ုပ်တို့အတွင်းဖြစ်ခြင်းသည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြင့် ပြန်လည်တည်ဆောက်ခံရသည် - ၁၂း၇-၁၀။ ၁၃း၁၄။

## III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားထုတ်လုပ်ဆောင်ခဲ့သည့် ခရစ်တော်၊ ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ကာ၊ တွေ့ကြုံခံစားခဲ့သည့် ခရစ်တော်အား ဖော်ထုတ်ပြသခြင်းရှိရန် အတူတကွ စည်းဝေးကြရမည်ဖြစ်သည် - တရား၊၁၄း၂၂-၂၃။

A. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စည်းဝေးခြင်းအသက်တာ၌ ကိုယ်တော်ကို စုပေါင်းခြင်းဆိုင်ရာ မွေ့လျော်ဝမ်းမြောက်မှုအတွက် နေ့စဉ်အသက်တာတွင် တစ်ဦးချင်းဆိုင်ရာ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိကြသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့အလယ်တွင် ရှိပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကိန်းဝပ်ရာနေရာနှင့် ကိုယ်တော်၏နိုင်ငံတော် ဖြစ်ကြသည်။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို ထိုမျှလောက် အတိုင်းအတာအထိ မွေ့လျော်ဝမ်းမြောက်သောအခါ၊ အသင်းတော်အစည်းအဝေးသည် ဘုရားသခင်နှင့် ပြည့်ဝမည်ဖြစ်ပြီး၊ ၎င်း၏လှုပ်ရှားလုပ်ဆောင်မှုအားလုံးသည် လူများတို့ကို ဘုရားသခင်နှင့်ဖြည့်ခြင်း ခံစေဖို့ သူတို့ထံ ဘုရားသခင်ကို သယ်ဆောင်ပေးခြင်းနှင့် ပို့လွှတ်ပေးခြင်း ရှိမည်ဖြစ်သည် - ၁ကော၊၁၄း၂၅။

C. ကိုယ်တော်၏လူများအားဖြင့် ဘုရားသခင်ကို မှန်သောကိုးကွယ်ခြင်းမှာ အယောက်တိုင်းသည် ခရစ်တော်နှင့် ပြည့်ဝနေခြင်း၊ ခရစ်တော်ဖြင့် ရောင်ခြည်တောက်ပခြင်းနှင့် သူတို့အားထုတ်လုပ်ဆောင်သည့် ခရစ်တော်ကို ထုတ်ဖော်ပြသခြင်း ရှိသည့်အခါ ၌ ဖြစ်သည်။

D. ကျွန်ုပ်တို့၌ အစည်းအဝေးများအားလုံးတွင် ဘုရားသခင်ထံသို့လည်းကောင်း၊ တက်ရောက်လာသူများထံသို့လည်းကောင်း အလိုလိုပြုသော ပူဇော်သက္ကာအဖြစ် ပြောစရာတစ်စုံတစ်ခု အမြဲရှိနေသင့်ပါသည် - အငယ်၊၂၆။

1. အစည်းအဝေးသို့ မလာခင်မှာ ကျွန်ုပ်တို့သည် သခင်ဘုရား၏ တစ်စုံတစ်ရာဖြင့် အစည်းအဝေးအတွက် ကျွန်ုပ်တို့ကိုယ်ကို ပြင်ဆင်လာသင့်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့က ကိုယ်တော်ကို တွေ့ကြုံခံစားခြင်းမှတဆင့်ဖြစ်စေ၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ဆုတောင်းခြင်း၌ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းမှတဆင့်ဖြစ်စေ ပြင်ဆင်လာသင့်ပါသည်။

2. အစည်းအဝေးအထဲသို့ ရောက်လာပြီးနောက် ကျွန်ုပ်တို့သည် လှုံ့ဆော်ခံရခြင်းအတွက် စောင့်မနေသင့်တော့ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ကာ၊ သင်ယူလေ့ကျက်သောအသိဉာဏ်ကို အသုံးပြု၍၊ ကိုယ်တော်၏ဘုန်းတော်နှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် သခင်ဘုရားထံသို့လည်းကောင်း၊ တက်ရောက်လာသူများထံ သူတို့၏အကျိုးကျေးဇူး - သူတို့အလင်းထွန်းလင်းခံရခြင်း၊ ကျွေးမွေးခံရခြင်းနှင့် တည်ဆောက်ခံခြင်းအတွက်လည်းကောင်း ကျွန်ုပ်တို့ပြင်ဆင်ထားသည့်အရာကို တင်ဆက်ပြသရမည်ဖြစ်သည် - အငယ်၊၃၁-၃၂။

## IV. ကျွန်ုပ်တို့သည် သခင်ဘုရားရွေးချယ်တော်မူသောနေရာ - ကျွန်ုပ်တို့၏ဝိညာဉ်၌ နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၏ တုနိုင်းရာမဲ့အခြေ ပြုနေရာပေါ်၌ စုပေါင်းကိုးကွယ်ခြင်းအတွက် သခင်ဘုရား၏ သားသမီးများနှင့်အတူ တွေ့ဆုံရမည်ဖြစ်သည် - တရား၊၁၂း၅၊ ၁၁၊ ၁၃-၁၄၊ ၁၈။ ၁၆း၁၆။ ယော၊၄း၂၄။

A. ရှေ့ဦးစွာ၊ ကိုယ်တော်၏ကိန်းဝပ်ရာနေရာဖြစ်သော ဘုရားသခင်၏ သန့်ရှင်းရာဌာနတော်မှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ ဖြစ်ပြီး (ဧ၊ ၂း၂၂)၊ ဒုတိယမှာ ၎င်းသည် အသင်းတော်ဖြစ်သည် (၁တိ၊ ၃း၁၅)။ ထို့ကြောင့် ဘုရားသခင်၏ သန့်ရှင်းရာဌာနတော်အထဲသို့ သွားရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်သို့လည်းကောင်း၊ အသင်းတော်၏ စည်းဝေးခြင်းများသို့လည်းကောင်း သွားရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်၌ နှင့် အသင်းတော်၌ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ ဖွင့်ပြခြင်းကို ရရှိကာ၊ ကျွန်ုပ်တို့၏ ပြဿနာများအားလုံးအဖို့ ဖြေရှင်းချက်များကိုလည်း ရရှိကြသည် (ဆာ၊ ၇၃း၁၆-၂၈)။

B. ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ စစ်မှန်သော အခြေပြုနေရာပေါ်၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏ တုနိုင်းရာမဲ့ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းကြရမည်။

1. အသင်းတော်အသက်တာကို လက်တွေ့ကျင့်သုံးခြင်းမှာ မြို့တစ်မြို့အတွက် အသင်းတော်တစ်ပါး၊ မြို့တစ်မြို့မှာ အသင်းတော်တစ်ပါးတည်း ရှိခြင်းကို လက်တွေ့ကျင့်သုံးခြင်း ဖြစ်သည် - တ၊၈း၁။ ၁၃း၁။ ၁ကော၊၁း၂။ ဗျာ၊၁း၁၁။

2. တစ်လုံးတစ်ဝဖြစ်ခြင်း၏ စစ်မှန်သော အခြေပြုနေရာအပေါ် ကျွန်ုပ်တို့သည် ဘိသိက်ပေးသောဆီ၊ လန်းဆန်းစေသော နှင်းစက်နှင့် မိန့်မှာထားသော အသက်၏ ကောင်းချီးမင်္ဂလာအဖြစ် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ကြရသည် - ဆာ၊၁၃၃။

C. သခင်ဘုရားရွေးချယ်တော်မူသည့် နေရာ၏ ဝိသေသလက္ခဏာ လေးခုရှိသည်။

1. သခင်ဘုရားအားဖြင့် ရွေးချယ်ထားသည့် နေရာသည် ခရစ်တော်၏နာမတော်ထက် အခြားမည်သည့်အမည်နာမမျှ မရှိရ ပါ - တရား၊၁၂း၅။ ဗျာ၊၃း၈။

2. သခင်ဘုရားအားဖြင့် ရွေးချယ်ထားသည့် နေရာသည် ဝိညာဉ်ကို လေ့ကျင့်ခြင်းဖြင့် ပြည့်ဝနေသည် - ဧ၊၂း၂၂။ ယော၊ ၄း၂၄။ ၁တိ၊၄း၇။ ၁ကော၊၁၄း၃၂။

3. သခင်ဘုရားအားဖြင့် ရွေးချယ်ထားသည့် နေရာသည် ခရစ်တော်၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ရာနေရာ ဖြစ်သည် - တရား၊၁၂း၇၊ ၁၈။ ဆာ၊၃၆း၈-၉။
4. သခင်ဘုရားအားဖြင့် ရွေးချယ်ထားသည့် နေရာသည် ဝမ်းမြောက်ရွှင်လန်းရာ နေရာဖြစ်သည် - တရား၊၁၂း၇၊ ၁၂၊ ၁၈။ ဆာ၊၄၂း၄။ ၁၂၂း၁။

**V. ကောင်းသောမြေအဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်း၏ ရလဒ်မှာ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ ဗိမာန်တော်အဖြစ်လည်းကောင်း၊ ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သော မြို့တော်အဖြစ်လည်းကောင်း အသင်းတော်ဖြစ်သည် - ဧ၊၂း၂၁-၂၂။**

A. ဗိမာန်တော်နှင့် မြို့တော်နှင့်အတူရှိသော မြေသည် ဘုရားသခင့်အကြံအစည်တော်၏ အလယ်ဗဟို ဖြစ်သည် - ၁ဘုရင်၊ ၈း၄၈ နှင့် မှတ်စု ၁။
  1. မြေသည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်ပြီး၊ ဗိမာန်တော်နှင့် မြို့တော်သည် ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်းတည်းဟူ သော ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။
  2. ဗိမာန်တော်သည် ဘုရားသခင်၏ ထင်ရှားခြင်းအတွက် ဖြစ်ပြီး၊ မြို့တော်သည် ဘုရားသခင်၏ အုပ်စိုးခြင်းအတွက် ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ ထာဝရအကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေသည် - က၊၁း၂၆။

B. ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်၏ကိန်းဝပ်ရာနေရာ ဖြစ်သော ဘုရားသခင့် အိမ်တော်၏ အဓိက သွင်ပြင်များက ဘုရားသခင်၏ မျက်မှောက်တော်ကို ပြောဆိုနေသည်။
  1. ဘုရားသခင်၏အိမ်တော်သည် ဘုရားသခင်၏ဘုန်းတော် (ဆာ၊၂၆း၈။ ၂၉း၉)၊ ဘုရားသခင်၏ လှပမှု (၂၇း၄၊ ၈) နှင့် ဘုရားသခင်၏ ကြွယ်ဝခြင်းများ (၃၆း၈-၉) တည်းဟူသော ဘုရားသခင့်မျက်မှောက်တော်၏နေရာဖြစ်သည်။
  2. ဘုရားသခင်၏အိမ်တော်သည် ဖွင့်ပြခြင်းနှင့် ဘုရားသခင်၏ အဖြေပေးရာ နေရာဖြစ်သည် - ၇၃း၁၆-၁၇။ ၃း၄။ ၁၈း၆။
  3. ဘုရားသခင်၏အိမ်တော်သည် ကျွန်ုပ်တို့၏ပုန်းခိုရာနေရာ ဖြစ်သည် - ၂၇း၅။ ညွှန်း၊ ၃၁း၂၀။ ၈၄း၃။
  4. ဘုရားသခင်၏အိမ်တော်သည် ကျွန်ုပ်တို့ကို စိုက်ပျိုးခြင်း၊ ပွင့်လန်းခြင်းနှင့် အသီးသီးခြင်း ရှိရာနေရာဖြစ်သည် - ၉၂း၁၃-၁၄။
  5. ဘုရားသခင်၏အိမ်တော်သည် ပျော်မွေ့ရွှင်လန်းခြင်းရှိရာနေရာ ဖြစ်သည် - ၈၇း၇။
  6. ဘုရားသခင်၏အိမ်တော်သည် ကျွန်ုပ်တို့ ခွန်အားသန်စွမ်းခြင်းခံရရာ နေရာ ဖြစ်သည် - ၆၈း၃၅။ ၉၆း၆။
  7. ဘုရားသခင်၏အိမ်တော်သည် ကျွန်ုပ်တို့က ဘုရားသခင်နှင့်အတူ ရောနှောပေါင်းစည်းရာ နေရာ ဖြစ်သည် - ၉၂း၁၀။

8. ဘုရားသခင်၏အိမ်တော်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဝေစုဖြစ်ရာနေရာ ဖြစ်သည် - ၇၃း၂၆။

C. ကိုယ်တော်၏ အုပ်စိုးခြင်းအတွက် ကိုယ်တော်၏ နိုင်ငံတော်ဖြစ်သော ဘုရားသခင့်မြို့တော်၏ အဓိကသွင်ပြင်များက ဘုရားသခင်၏ အခွင့်အာဏာကို ပြောဆိုနေသည်။

1. ဘုရားသခင်၏မြို့တော်သည် ခိုင်ခံ့သောမြို့တော်၊ ကြီးမြတ်သော ရှင်ဘုရင်၏ မြို့တော် ဖြစ်သည် - ၃၁း၂၁။ ၄၈း၂။
2. ဘုရားသခင်၏မြို့တော်၌ ဝမ်းမြောက်ခြင်းစီးဆင်းနေသော မြစ်ရေ ရှိနေသည် - ၄၆း၄-၅။
3. ဘုရားသခင်သည် သူမ၌ သိကျွမ်းခြင်းရှိကာ၊ သူမ၌ ခိုလှုံရာရဲတိုက် ရှိသည် - ၄၈း၃။
4. သူမသည် ရန်သူအဖို့ ကြောက်မက်ဖွယ်ရာ ဖြစ်သည် - အငယ်၊၃-၆။ ၇၆း၂-၃။
5. သူမသည် လှပတင့်တယ်ခြင်း၏ စုံလင်ရာ ဖြစ်သည် - ၅၀း၂။
6. သူမသည် ဘုရားသခင်၏ကောင်းသော ကျေနပ်အားရရာ၏ ပန်းတိုင်ဖြစ်သည် - ၅၁း၁၈။
7. တရားစီရင်ရာ ပလ္လင်များကို ဘုရားသခင်၏မြို့တော်၌ ထားရှိထားသည် - ၁၂၂း၅။
8. သခင်ဘုရားသည် သူမအထဲက အခြားသူများကို ကောင်းချီးပေးကာ၊ သူမအထဲက ကောင်းချီးမင်္ဂလာခံရသည် - ၁၃၄း၃။ ၁၃၅း၂၁။

**VI. ကောင်းသောမြေအဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ အဆုံးစွန်သော ရလဒ်မှာ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ အသစ်မွေးဖွားခံရသော၊ ပုံသဏ္ဌာန်ပြောင်းလဲသော၊ ဘုန်းထင်ရှားသော သုံးပိုင်းရှိလူများ တည်းဟူသော ဘုရားသခင်၏ ထာဝရကိန်းဝပ်ရာနေရာနှင့် နိုင်ငံတော်အဖြစ် ဘုရားဆိုင်ရာ-လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်း ဖြစ်သည် - ဗျာ၊၂၁း၃၊ ၂၂။ ၂၂း၅။**